ပြည်သူ့လွှတ်တော်ရုံး
သုတေသနဌာန

၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ ၂၅ ရက်

# မြေယာဆိုင်ရာ ပြုပြင်ပြောင်းလဲမှု

## အကျဉ်းချုပ်

ဤစာတမ်းတိုတွင် မြန်မာနိုင်ငံနှင့် အခြားသောနိုင်ငံ (၆) နိုင်ငံမှ မြေယာဆိုင်ရာ ပြဿနာများအားလည်းကောင်း၊ မြေယာဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများနှင့်စပ်လျဉ်းသော သတင်းအချက်အလက်များအားလည်းကောင်း ထည့်သွင်းဖော်ပြထားပါသည်။ ၎င်းနိုင်ငံများမှ လေ့လာတွေ့ရှိချက်များအရ အောက်ပါအချက်များရှိရန် အရေးကြီးကြောင်း သင်ခန်းစာရရှိခဲ့ပါသည်-

(၁) ရှင်းလင်းတိကျသော မြေယာပိုင်ဆိုင်မှုဆိုင်ရာ ပြဋ္ဌာန်းချက်များ၊

(၂) အစိုးရ၏မြေသိမ်းယူခြင်းဆိုင်ရာဥပဒေများသည် ရှင်းလင်းတိကျ၍ ပွင့်လင်းမြင်သာမှုရှိရမည်၊

(၃) မြေယာပြဿနာများအား တရားဥပဒေတစ်ခုထဲမှ ဖြေရှင်းပေးနိုင်ရမည်၊

(၄) မြေပိုင်ရှင်များထံမှ ၎င်းတို့၏မြေများကို အစိုးရမှဝယ်ယူသောအခါ သင့်လျော်သောဈေးနှင့်အညီ နစ်နာကြေးရရှိသင့်သည်။

ဤစာတမ်းတိုနှင့်ပတ်သက်၍ သတိပြုရန်အချက်များအား နောက်ဆုံးစာမျက်နှာတွင် ဖော်ပြထားပါသည်။

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | **မြေယာဆိုင်ရာ ပြုပြင်ပြောင်းလဲမှု** | |
| ၁။ | နိဒါန်း | ၃ |
| ၂။ | ဥပဒေ၏ နောက်ခံအကြောင်းအရာ | ၃ |
| | **အခန်း(၁)** | |
| | **မြေယာပြဿနာများအပေါ် နိုင်ငံတော်အစိုးရ၏ ဆောင်ရွက်ချက်များ** | |
| ၃။ | နိုင်ငံတော်အစိုးရ၏ မြေယာပြုပြင်ပြောင်းလဲရေးနှင့်စပ်လျဉ်းသော လုပ်ငန်းစဉ်များ | ၃ |
| ၄။ | မြေအသုံးချမှုစီမံခန့်ခွဲရေးဗဟိုကော်မတီ၏ မြေစီမံခန့်ခွဲမှုဆိုင်ရာဆောင်ရွက်ချက်များ | ၅ |
| ၅။ | လယ်ယာမြေနှင့်စပ်လျဉ်းသော နိုင်ငံတော်အစိုးရ၏ ဆောင်ရွက်ချက်များ | ၆ |
| ၆။ | လယ်ယာမြေကော်မရှင်၏ လေ့လာတွေ့ရှိချက်အစီရင်ခံစာ | ၇ |
| | **အခန်း(၂)** | |
| | **နိုင်ငံတကာငွေကြေးအဖွဲ့အစည်းများ၏ ဆောင်ရွက်ချက်များ** | |
| ၇။ | နိုင်ငံတကာငွေကြေးအဖွဲ့အစည်းများ၏ မြေယာပြုပြင်ပြောင်းလဲခြင်းနှင့် စပ်လျဉ်းသော ဆောင်ရွက်မှုများ | ၈ |
| | **အခန်း(၃)** | |
| | **မြေယာပြုပြင်ပြောင်းလဲခြင်းနှင့်စပ်လျဉ်းသောအမြင်များ** | |
| ၈။ | မြေယာပြုပြင်ပြောင်းလဲခြင်းနှင့်စပ်လျဉ်း၍ ပညာရှင်၏ အမြင် | ၈ |
| | **အခန်း(၄)** | |
| | **မြေယာပြုပြင်ပြောင်းလဲရေးနှင့်စပ်လျဉ်း၍ နိုင်ငံတကာနှင့် နှိုင်းယှဉ်မှုများ** | |
| ၉။ | ဂျပန်နိုင်ငံ | ၁၀ |
| ၁၀။ | ကမ္ဘောဒီးယား | ၁၂ |
| ၁၁။ | လာအိုနိုင်ငံ | ၁၄ |
| ၁၂။ | ထိုင်းနိုင်ငံ | ၁၆ |
| ၁၃။ | ဗီယက်နမ်နိုင်ငံ | ၁၈ |
| ၁၄။ | တရုတ်နိုင်ငံ | ၂၀ |
| | **အခန်း(၅)** | |
| | **မြေယာနှင့်စပ်လျဉ်းသောဥပဒေများ၊ နည်းဥပဒေများ** | |
| ၁၅။ | မြေယာနှင့်စပ်လျဉ်း၍ လက်ရှိကျင့်သုံးနေသော ဥပဒေများ၊ နည်းဥပဒေများ | ၂၀ |

## မြေယာဆိုင်ရာ ပြုပြင်ပြောင်းလဲမှု

### နိဒါန်း

၁။ မြေယာပိုင်ဆိုင်မှုလုံခြုံမှုနှင့် မြေယာဆိုင်ရာပြဿနာများကို မဖြေရှင်းပါက နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု၊ ရေရှည်တည်တံ့သောစီးပွားရေးကြီးထွားမှု၊ သဘာဝပတ်ဝန်းကျင်ကာကွယ်စောင့်ရှောက်မှု၊ လူမှုရေးသာယာဝပြောမှုနှင့် နိုင်ငံသားအားလုံး၏ အခွင့်အရေးများကိုလေးစားသော တည်ငြိမ်သည့် ဒီမိုကရေစီအုပ်ချုပ်မှုစနစ် ပေါ်ပေါက်လာရေးအား ထိခိုက်နိုင်မှုရှိကြောင်း နိုင်ငံတော်အစိုးရမှ အသိအမှတ်ပြုထားကြောင်း The Food Security Working Group စာတမ်းတွင် ဖော်ပြထားပါသည်။[1]

### ဥပဒေ၏နောက်ခံအကြောင်းအရာ

၂။ မြေယာပြုပြင်ပြောင်းလဲမှုနှင့်စပ်လျဉ်း၍ အင်္ဂလိပ်ခေတ်က ပြဋ္ဌာန်းခဲ့သော The Land Acquisition Act, 1894 အား ယနေ့ထိ တည်ဆဲဥပဒေတစ်ရပ်အဖြစ် လက်ခံကျင့်သုံးလျက်ရှိပါသည်။[2] သက်ဆိုင်ရာ ဝန်ကြီးဌာနမှာ ပြည်ထဲရေးဝန်ကြီးဌာန ဖြစ်ပါသည်။ ပြည်ထောင်စုလွှတ်တော်၊ ဥပဒေကြမ်းပူးပေါင်း ကော်မတီ၏အစီရင်ခံစာတွင် မြေသိမ်းအက်ဥပဒေ The Land Acquisition Act, 1894 သည် ပြင်ဆင်ရေးဆွဲသင့်ကြောင်း ဖော်ပြထားပါသည်။ [3]

## အခန်း (၁)

## မြေယာပြဿနာများအပေါ် နိုင်ငံတော်အစိုးရ၏ဆောင်ရွက်ချက်များ

### နိုင်ငံတော်အစိုးရ၏ မြေယာပြုပြင်ပြောင်းလဲရေးနှင့်စပ်လျဉ်းသော လုပ်ငန်းစဉ်များ

၃။ (၁၉-၆-၂၀၁၂) ရက်နေ့တွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံးအစည်းအဝေးခန်းမတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြုပြင်ပြောင်းလဲရေးဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်းသောမိန့်ခွန်းမှ မြေယာပြုပြင်ပြောင်းလဲရေးနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်းပြောကြားထားပါသည်-

---

[1] The Food Security Working Group (9-2012), available from: http://www.myanmarfswg.org/source/download/land_update_15_10_2013/Legal%20Review_Research%20Review/FSWG_LCG_Legal%20Review%20of%20Farmland%20Law%20and%20Vacant,%20Fallow%20and%20Virgin%20Land%20Management%20Law%20%28Nov%202012%29%20%28MYN%29.pdf/[accessed 8 September 2014]

[2] ဦးစန်းလွင်၊ မြန်မာနိုင်ငံဥပဒေပေါင်းချုပ်၊ အထွေထွေအညွှန်း၊ (၂၀၁၃)စာမျက်နှာ ၁၀၇/[accessed 4 September 2014]

[3] မြန်မာအလင်းသတင်းစာ၊ (၃-၆-၂၀၁၄)(၄-၆-၂၀၁၄)စာမျက်နှာ(၉)၊[accessed 4 September 2014]

(က) သစ်တောမြေနှင့်မြေလွတ်မြေရိုင်းများ၊ အခြားမြေများတွင် တရားမဝင် ကျူးကျော်ဝင်ရောက် လုပ်ကိုင်နေထိုင်ရာမှ ၎င်းတို့လက်ငုတ်လက်ရင်း ပိုင်ဆိုင်သကဲ့သို့ဖြစ်ပြီး အစိုးရ၏ စီမံခန့်ခွဲမှုမှာ အခက်အခဲရှိလာသောကြောင့် အခြားနိုင်ငံများကဲ့သို့ မြေဟက်တာများစွာကို ရင်းနှီးမြှုပ်နှံမှုအတွက် ခွင့်ပြုမပေးနိုင်သည့်အခြေအနေများ၊ မြေယာပြဿနာများကို နေရာအနှံ့အပြားမှာ တွေ့ ရှိရပါကြောင်း၊

(ခ) မိမိတို့၏ပြည်သူများကို သစ်တောမြေနှင့်မြေလွတ်မြေရိုင်းများ၌ တရားမဝင်ကျူးကျော်နေထိုင် လုပ်ကိုင်ခြင်းအစား မြို့ကွက်၊ ရွာကွက်များ စနစ်တကျထူထောင် ချထားပေးခြင်း၊ လုပ်ကိုင်စားသောက်ရန် လယ်ယာမြေများချထားစီမံပေးခြင်းတို့ကိုစုစည်း ပြုလုပ်ပေးလျက် သစ်တော၊ သစ်ပင် နှင့်နှစ်ရှည်ပင်များရင်းနှီးမြှုပ်နှံမှု၊ စီးပွားရေး စိုက်ခင်းကြီးများ ပြောင်းလဲထူထောင်ပေးနိုင်ရန် ကြိုးပမ်းခြင်းဖြင့် ရေရှည်ဖွံ့ဖြိုးတိုးတက်သောသဘာဝပတ်ဝန်းကျင်ဖြစ်ထွန်းစေလျက် ဒေသဖွံ့ဖြိုးတိုးတက်ရေး ပြည်သူတို့၏ အလုပ်အကိုင်အခွင့်အလမ်းနှင့် စီးပွားရေးတိုးတက်မှု လူနေမှုအဆင့်အတန်းမြင့်မားမှုတို့အတွက် မြေယာစနစ်တကျစီမံခန့်ခွဲနိုင်ရေးအတွက် မြေယာစနစ်ပြုပြင်ပြောင်းလဲရေး (Land Reform) ကို ဆောင်ရွက်ရန် အချိန်ကျရောက်ပြီဖြစ်ပါကြောင်း၊

(ဂ) ထို့ကြောင့် နိုင်ငံတော်အနေနဲ့ မြေယာအသုံးချမှု မူဝါဒများရေးဆွဲပြီး ဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ မြေယာခွဲဝေအသုံးချမှု စနစ်တကျ ဆောင်ရွက်နိုင်ရန်အတွက် မြို့ရွာဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းများနှင့် ရင်းနှီးမြှုပ်နှံမှု စီမံကိန်းများအတွက် မြေယာခွဲဝေအသုံးချမှုစီစစ်ဆောင်ရွက်ရေးကော်မတီကို ဖွဲ့စည်းထားပြီးဖြစ်သောကြောင့် ပြည်ထောင်စုဝန်ကြီးဌာနများနဲ့ တိုင်းဒေသကြီးပြည်နယ်အစိုးရများအနေနှင့် မိမိတို့၏ မြို့ရွာဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းများနှင့်စပ်လျဉ်း၍ အဆိုပါကော်မတီသို့ မြေယာခွဲဝေအသုံးချရေးစီစစ်အတည်ပြုပေးနိုင်ရန် ပေးပို့တင်ပြညှိနှိုင်း ဆောင်ရွက်သွားရမှာဖြစ်ပါကြောင်း၊

(ဃ) ယင်းကော်မတီမှ စိစစ်ပြီးပါက ပြည်ထောင်စုအစိုးရအဖွဲ့ နှင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၊ ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်၊ မြေလွတ်မြေရိုင်းများ စီမံခန့်ခွဲမှုကော်မတီနှင့်သက်ဆိုင်ရာဌာနများသို့ ဖြန့်ဝေညှိနှိုင်းဆက်စပ်ဆောင်ရွက်သွားကြရမှာ ဖြစ်ပါကြောင်း၊

(င) မြေယာနှင့်စပ်လျဉ်းသောဌာနဆိုင်ရာအသီးသီးအနေနှင့်မိမိတို့၏ဥပဒေ၊ လုပ်ထုံးလုပ်နည်းများ မြေဇရိယာခွဲဝေအသုံးပြုသည့်သတ်မှတ်ချက်များ အမျိုးမျိုးအဖုံဖုံကွဲပြားပြီး လက်တွေ့မြေပြင်၌ စီမံခန့်ခွဲနိုင်ခြင်း မရှိသည့်အခြေအနေမှ နိုင်ငံတကာနှင့်အညီ၊ ခေတ်နှင့်အညီ လက်တွေ့စီမံခန့်ခွဲနိုင်သည့် ဥပဒေလုပ်ထုံးလုပ်နည်းများ၊ အခွန်အကောက်ဆိုင်ရာကိစ္စရပ်များကို ပြန်လည်ညှိနှိုင်းရေးဆွဲအတည်ပြု ပြဋ္ဌာန်းဆောင်ရွက်သွားမှသာထိရောက်သောစီမံခန့်ခွဲမှုကိုဆောင်ရွက်နိုင်မှာဖြစ်ပါကြောင်း ပြောကြားခဲ့ပါသည်။ [4]

**မြေအသုံးချမှုစီမံခန့်ခွဲရေးဗဟိုကော်မတီ၏ မြေစီမံခန့်ခွဲမှုဆိုင်ရာဆောင်ရွက်ချက်များ**

၄။ ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၂၇ ရက်က ပြုလုပ်သော မြေအသုံးချမှုစီမံခန့်ခွဲရေးဗဟိုကော်မတီ၏ မြေစီမံခန့်ခွဲမှုဆိုင်ရာ သတင်းထုတ်ပြန်ရှင်းလင်းပွဲ၌ပြောကြားသောသတင်းများအား Eleven News Website တွင် အောက်ပါအတိုင်းဖော်ပြထားပါသည်-

**ဦးဝင်းထွန်း (အဖွဲ့ဝင်၊ မြေယာအသုံးချမှု စီမံခန့်ခွဲရေး ဗဟိုကော်မတီ)**က "လယ်ယာမြေ ပြဿနာများဖြေရှင်းနိုင်ရန်အတွက် ဦးဉာဏ်ထွန်း(ဒုတိယသမ္မတ)ခေါင်းဆောင်သော ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်များ ဒု-ဝန်ကြီးများပါဝင်သည့် မြေအသုံးချမှုစီမံခန့်ခွဲရေးဗဟိုကော်မတီကိုဖွဲ့စည်းထားကြောင်း၊ ထိုမှတစ်ဆင့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး ပြည်နယ်အဆင့်၊ ခရိုင်အဆင့်၊ မြို့နယ်အဆင့်၊ ရပ်ကွက် ကျေးရွာအဆင့် စီမံခန့်ခွဲမှု ကော်မတီများ ဖွဲ့စည်းထားပြီးဖြစ်သဖြင့် မူလမြေယာပိုင်ဆိုင်ကြောင်းကို သက်ဆိုင်ရာ ကော်မတီကို ပြန်လည်လျှောက်ထားရမည် ဖြစ်ကြောင်း၊ မြေယာအငြင်းပွားမှု ၇၄၅ မှုမှာ ၁၉၆၄ ခုနှစ်မှ ၂၀၁၀ ပြည့်နှစ်အထိ မြေယာသိမ်းဆည်းမှု ဖြစ်စဉ်များဖြစ်ပြီး အစိုးရသစ်လက်ထက် ဖြစ်ပွားခဲ့သည့် ဖြစ်စဉ်များမပါဝင်သေးကြောင်းနှင့် အဆိုပါ မြေယာအငြင်းပွားမှုတွင် တပ်မတော်မှ သိမ်းယူထားမှု ၅၆၅မှု၊ မြို့ပြတိုးချဲ့စီမံကိန်းနှင့် စက်မှုဇုန် စီမံကိန်းများအတွက် သိမ်းယူထားမှု ၆၃ မှု၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများအတွက် သိမ်းယူထားမှု ၁၁၇ မှု ပါဝင်ပါသည်။"

**ဗိုလ်မှူးချုပ်ကျော်စံမြင့် (အတွင်းရေးမှူး၊ မြေယာအသုံးချမှုစီမံခန့်ခွဲရေးဗဟိုကော်မတီ)**က "မြေယာပြုပြင်ပြောင်းလဲခြင်းနှင့်စပ်လျဉ်း၍ ရပ်ကွက်/ကျေးရွာ ကော်မတီများမှ ကွင်းဆင်းစစ်ဆေးပြီး

---

[4] နိုင်ငံတော် သမ္မတရုံး၊ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်မှ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြုပြင်ပြောင်းလဲဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ မိန့်ခွန်း ပြောကြား (၁၉-၆-၂၀၁၂) available from: http://www.president-office.gov.mm/?q=briefing-room/speeches-and-remarks/2012/06/19/id-2171

မြို့နယ်ကော်မတီအဆင့်ဆင့် သက်ဆိုင်ရာကော်မတီ အဆင့်ဆင့်သို့တင်ပြပြီး စွန့်လွှတ်မြေခွဲဝေရန်၊ ခွင့်ပြုချက်ရရှိပါက သက်ဆိုင်သူများသို့ပြန်လည်ပေးရန်၊ စွန့်လွှတ်ခွဲဝေရရှိသောမြေသည် လယ်ယာမြေဖြစ်ပါက လယ်ယာမြေလုပ်ပိုင်ခွင့် လက်မှတ်ရရှိထောက်ခံခြင်း၊ အခြားမြေများ ဖြစ်ပါကသက်ဆိုင်ရာဌာန၏ ကျင့်သုံးလျက်ရှိသော တည်ဆဲဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး သက်ဆိုင်သူများက ကျေနပ်မှုမရှိပါက အဆင့်ဆင့် အယူခံဝင်နိုင်ပြီး တိုင်းဒေသကြီး၊ ပြည်နယ် မြေအသုံးချမှု စီမံခန့်ခွဲရေးကော်မတီ၏ အဆုံးအဖြတ်သည် အတည်ဖြစ်ပါသည်။"

**ဦးမြင့်လှိုင် (ဒုတိယဥက္ကဋ္ဌ၊ မြေအသုံးချမှုစီမံခန့်ခွဲရေးဗဟိုကော်မတီ)**က "ဗဟိုကော်မတီ၏ ဆောင်ရွက်ချက်များကို နှစ်လတစ်ကြိမ် လွှတ်တော်သို့ တင်ပြသွားမည်ဖြစ်ကြောင်း၊ မြေလွတ်မြေရိုင်းများအား လုပ်ပိုင်ခွင့်ရယူထားပြီး ဥပဒေနှင့်အညီ အမှန်တကယ် လုပ်ပိုင်ခြင်းမရှိသည့် ကုမ္ပဏီ၊ လူပုဂ္ဂိုလ်များကိုလည်း အရေးယူနိုင်ရန် ဆွေးနွေးသွားမည် ဖြစ်ပါသည်။"[5]

**လယ်ယာမြေနှင့်စပ်လျဉ်းသော နိုင်ငံတော်အစိုးရ၏ ဆောင်ရွက်ချက်များ**

၅။ ပထမအကြိမ်ပြည်သူ့လွှတ်တော်နဝမပုံမှန်အစည်းအဝေး(၂၀-၃-၂၀၁၄)ရက်နေ့တွင်ဦးအောင်ဇင် (ပုဇွန်တောင်မဲဆန္ဒနယ်)မှမေးမြန်းခဲ့သည့် လယ်ယာမြေဆိုင်ရာမေးခွန်းအား **ဦးအုန်းသန်း (ဒုတိယဝန်ကြီး၊ လယ်ယာ စိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)** က

(က) လယ်ယာမြေလုပ်ပိုင်ခွင့်မှတ်ပုံတင်ခြင်းနှင့် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ထုတ်ပေးခြင်းများအား ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ပြီး တောင်သူလယ်သမား (၅.၀၄)သန်းအားလယ်ယာမြေလုပ်ပိုင်ခွင့်ကိစ္စရပ်များအားဆောင်ရွက်ပေးခဲ့ပြီးဖြစ်ကြောင်း

(ခ) တောင်သူလယ်သမားများ၏လယ်ယာမြေဆိုင်ရာ အခွင့်အရေးများအား ကာကွယ်ပေးသည့် ဥပဒေများပြဋ္ဌာန်းပြီးဖြစ်ကြောင်း ဖြေကြားပေးခဲ့ပါသည်။[6]

[5] မောင်တိုး၊ Eleven News, တစ်နိုင်ငံလုံးတွင်မြေယာအငြင်းပွားမှု ၇၄၅ မှုရှိနေပြီးတစ်နှစ်အတွင်း ပြီးစီးအောင်ဆောင်ရွက်ပေးမည်၊ (28-9-2013), available from: http://tinyurl.com/qg6qpey [accessed 19 June 2014]

[6] ပြည်သူ့လွှတ်တော်၊ နဝမပုံမှန်အစည်းအဝေး (၂၀-၃-၂၀၁၄) http://tinyurl.com/oscp2wf [accessed 1 September 2014]

**လယ်ယာမြေကော်မရှင်၏လေ့လာတွေ့ရှိချက်အစီရင်ခံစာ**

၆။ ပထမအကြိမ်၊ ပြည်ထောင်စုလွှတ်တော် (၁၁) ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၅-၉-၂၀၁၄) ရက်နေ့တွင် လယ်ယာမြေနှင့်အခြားမြေများသိမ်းဆည်းခံရမှုများကြောင့် ပြည်သူများနစ်နာမှုမရှိစေရေး အတွက်စုံစမ်းရေးကော်မရှင်၏လေ့လာတွေ့ရှိချက်အစီရင်ခံစာတွင်အောက်ပါအတိုင်းဖော်ပြထားပါသည်-

(က) တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးမှ တိုင်ကြားစာများနှင့် စပ်လျဉ်း၍ ယခုအချိန်ထိ တိုင်ကြား စာစုစုပေါင်း (၂၆၃၇၁) စောင် ကော်မရှင်သို့ ရောက်ရှိပြီးဖြစ်ပါကြောင်း၊

(ခ) များပြားသော တိုင်ကြားသည့် ဖြစ်စဉ်ဖြစ်ရပ်ရှိရာ နေရာအားလုံးသို့ လွှတ်တော်ရပ်နား ချိန်တွင် ကော်မရှင်မှသွားရောက်စုံစမ်းရန်မှာ လွန်စွာခက်ခဲသော ကိစ္စရပ်ဖြစ်ပါကြောင်း၊

(ဂ) ကော်မရှင်မှ ကာကွယ်ရေးဝန်ကြီးဌာနသို့ တိုင်ကြားစာပေါင်း (၂၆၈၉) စောင်ကိုလည်း ကောင်း၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များသို့ တိုင်ကြားစာပေါင်း (၆၅၅၉)စောင် ကိုလည်းကောင်း၊ တိုင်ကြားစာစုစုပေါင်း (၉၂၄၈)စောင်လွှဲပြောင်းပေးပို့ပြီးဖြစ်ပါကြောင်း၊ သဝဏ်လွှာအရ ကာကွယ်ရေးဝန်ကြီးဌာနနှင့်စပ်လျဉ်းသည့် တိုင်ကြားစာပေါင်း (၅၈၃) စောင်ကိုလည်းကောင်း၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များနှင့် စပ်လျဉ်းသည့် တိုင်ကြားစာပေါင်း (၂၉၉)စောင်ကို လည်းကောင်း၊ တိုင်ကြားစာစုစုပေါင်း (၈၈၂) စောင် မြေဧကပေါင်း (၅၁၀၆၃၃.၉၇၄) ဧက ဖြေရှင်းပြီးစီးခဲ့ကြောင်း သိရှိရပါကြောင်း၊

(ဃ) ယနေ့အချိန်အထိ ပေးလျော်ခဲ့သည့် လုပ်ပိုင်ခွင့်ရ ကုမ္ပဏီများ၏ စုစုပေါင်း ပေးလျော်ခဲ့ သည့် ငွေမှာကျပ် (၅၀၅၀၂) သိန်းနှင့် လုပ်ကိုင်ခွင့်ကို စွန့်လွှတ်၍ တိုင်းဒေသကြီးအစိုးရ ထံသို့ ပြန်လည်အပ်နှံခဲ့သည့် လယ်မြေပေါင်း (၄၂၂၇၃.၆၆) ဧကရှိပါကြောင်း၊

(င) ဖြေရှင်းပေးမှုအရေအတွက် နည်းပါးခြင်း၊ သိမ်းဆည်းခံမြေများ စွန့်လွှတ်မှုနှင့် ပြန်လည် ရရှိမှုနည်းပါးခြင်း၊ ကြန့်ကြာနေခြင်း၊ မြေပြန်လည်ပေးအပ်ရာတွင်လည်း လက်ရှိလုပ်ကိုင် နေသူကိုသာပေးခြင်း၊ မူလလက်ငုတ်တောင်သူများ ပြန်လည်မရရှိခြင်း၊ လျော်ကြေး နစ်နာကြေးမရရှိခြင်းတို့ကြောင့် မကျေနပ်မှုများ ပိုမိုကြီးထွားလာကြောင်း၊

(စ) သက်ဆိုင်ရာမှ ဖြေရှင်းဆောင်ရွက်ပေးနိုင်မှု နှောင့်နှေးကြန့်ကြာနေသည့်အပြင် ပြီးပြတ် အောင် ဆောင်ရွက်နိုင်မှု အရေအတွက်မှာလည်း လွန်စွာနည်းပါးနေကြောင်း၊

(ဆ) မြေယာသိမ်းဆည်းမှုပြဿနာများ ဖြေရှင်းဆောင်ရွက်ရာတွင် သက်ဆိုင်ရာမြေအသုံးချမှု စီမံခန့်ခွဲရေးကော်မတီများ၊ ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့ဝင်များသည် ဖြစ်စဉ်ဖြစ်ရပ်

များအပေါ် သေချာတိကျစွာစုံစမ်း ဖော်ထုတ်၍ အဂတိတရား ကင်းရှင်းမှု၊ စေတနာမှန်ကန်မှု၊ စာနာထောက်ထားမှုတို့ဖြင့် တည်ဆဲဥပဒေနှင့်အညီ ပြီးပြတ်အောင် ဖြေရှင်းဆောင်ရွက်ပေးသွားသင့်ပါကြောင်း။[7]

## အခန်း(၂)

## နိုင်ငံတကာငွေကြေးအဖွဲ့အစည်းများ၏ ဆောင်ရွက်ချက်များ

### နိုင်ငံတကာငွေကြေးအဖွဲ့အစည်းများ၏ မြေယာပြုပြင်ပြောင်းလဲခြင်းနှင့် စပ်လျဉ်းသော ဆောင်ရွက်မှုများ

၇။ မြန်မာ့သဘာဝပတ်ဝန်းကျင်ဆိုင်ရာအလုပ်အဖွဲ့၊ မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲသော ဖွံ့ဖြိုးရေးနိုးဆော်မှုအရင်းအမြစ်မိတ်ဆက်စာတမ်းတွင် အာရှဖွံ့ဖြိုးရေးဘဏ်နှင့် ကမ္ဘာ့ဘဏ်တို့၏ ရန်ပုံငွေအစီအစဉ်မှ မြေယာနှင့်စပ်ဆိုင်သောကိစ္စများအတွက် ၎င်းသတ်မှတ်ထားသောအချက်များကို အစိုးရများမှ လိုက်နာရန် ဖော်ပြထားသည်ကို Scribd Website တွင်လေ့လာနိုင်ပါသည်။[8]

## အခန်း(၃)

## မြေယာပြုပြင်ပြောင်းလဲခြင်းနှင့်စပ်လျဉ်းသောအမြင်များ

### မြေယာပြုပြင်ပြောင်းလဲခြင်းနှင့်စပ်လျဉ်း၍ ပညာရှင်၏ အမြင်

၈။ **ဒေါက်တာဂျိုးဆက်စတစ်လစ်ရှ်**က မြန်မာနိုင်ငံအတွက် မျှတမှုနှင့် အစဉ်တစိုက် ဖွံ့ဖြိုးတိုးတက်မှုအစီအစဉ် (An Agenda for Equitable and Sustainable Development for Myanmar) ဟောပြောချက်တွင် မြေယာပြုပြင်ပြောင်းလဲရေးနှင့် စီမံခန့်ခွဲရေးအကြောင်းကို အောက်ပါအတိုင်း ဆွေးနွေးခဲ့ကြောင်း messenger news journal တွင်ဖော်ပြထားပါသည်-

(က) မြေယာပြုပြင်ပြောင်းလဲရေးသည် ဖွံ့ဖြိုးတိုးတက်မှုအတွက် အခြေခံအကျဆုံးလုပ်ဆောင်ချက်ဖြစ်ပါကြောင်း၊ ဥပမာအားဖြင့် ကိုရီးယားနှင့်တရုတ်တို့မှာ ဆောင်ရွက်နိုင်သည့်အတွက် အောင်မြင်မှု ရရှိခဲ့ပါကြောင်း၊

[7] ပြည်ထောင်စုလွှတ်တော်၊ လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခံရမှုများကြောင့် ပြည်သူများ နစ်နာမှုမရှိစေရေးအတွက် စုံစမ်းရေးကော်မရှင်၊ လယ်ယာမြေနှင့် အခြားမြေ များသိမ်းဆည်းခံရခြင်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်၏ ဆုံးဖြတ်ချက်အပေါ် ဖြေရှင်းဆောင်ရွက်ပေးမှုအခြေအနေလေ့လာတွေ့ရှိချက်အစီရင်ခံစာ၊ ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ

[8] မြန်မာ့သဘာဝပတ်ဝန်းကျင်ဆိုင်ရာအလုပ်အဖွဲ့၊ မြန်မာနိုင်ငံ၏ရေရှည်တည်တံ့ခိုင်မြဲသောဖွံ့ဖြိုးရေးနိုးဆော်မှုအရင်းအမြစ်မိတ်ဆက် စာမျက်နှာ(၅၈) available from: http://tinyurl.com/lpttrcr/[accessed 4 September 2014]

(ခ) မြေယာပိုင်ဆိုင်လုပ်ကိုင်ခွင့် မရှိခြင်းသည် ပြဿနာများစွာကို ဖန်တီးဖြစ်ပေါ်စေပြီး မညီမျှမှု၊ ဆင်းရဲနွမ်းပါးမှုနှင့် လူမှုစီးပွားပြဿနာဖိအားပေးမှုများက တစ်ဆင့် ထုတ်လုပ်မှုစွမ်းအားကို နိမ့်ကျစေပါကြောင်း၊

(ဂ) မြေယာပိုင်ဆိုင်မှု ပြုပြင်ပြောင်းလဲရေးနှင့်အတူ ချေးငွေ၊ နည်းပညာပံ့ပိုးမှုကဲ့သို့ အခြား ပြုပြင်ပြောင်းလဲမှုများကိုလည်း တွဲဖက်ဆောင်ရွက်နိုင်ဖို့ လိုအပ်၍ ထိုကဲ့သို့ ဆောင်ရွက်နိုင်ရန် နည်းလမ်းများစွာရှိပြီး ထိုနည်းလမ်းများကို မိမိတို့အခြေအနေနှင့် လျော်ညီစွာ မှန်မှန်ကန်ကန်ရွေးချယ် ဆောင်ရွက်နိုင်ပါက ဆင်းရဲနွမ်းပါးမှု၊ ဆုံးရှုံးနစ်နာမှုနှင့် အန္တရာယ်ဖြစ်မှုစသော အခြေအနေများအား လျော့နည်းစေမှာ ဖြစ်ပါကြောင်း၊

(ဃ) မြန်မာနိုင်ငံအနေနှင့် ယခုချိန်ကာလသည် ထိုသို့လုပ်ဆောင်နိုင်ရန် အကောင်းဆုံးအချိန် ဖြစ်ပါကြောင်း၊ မြေယာအသုံးပြုခွင့်၊ ပိုင်ဆိုင်ခွင့်များနှင့် ပတ်သက်၍ စည်းမျဉ်း ဥပဒေများကိုပြဋ္ဌာန်းပြီး ပြည်သူများ ရှင်းရှင်းလင်းလင်းသိရှိအောင်ဆောင်ရွက်သင့်ပါကြောင်း၊

(င) အစိုးရအနေနှင့် ၎င်း၏လုပ်ပိုင်ခွင့်အရ မြေယာသိမ်းယူခြင်းမျိုးသည် လုပ်ငန်းများ၏ ရင်းနှီးမြှုပ်နှံလိုစိတ်ကို လျော့နည်းစေပါကြောင်း၊

(စ) လယ်လုပ်ပိုင်ခွင့် မခိုင်မာခြင်း၊ မတည်မြဲခြင်းများသည် လယ်ယာမြေ၏ ထုတ်လုပ်မှုစွမ်းအား တိုးတက်စေမည့် ရင်းနှီးမြှုပ်နှံမှုကို လျော့နည်းကျဆင်းစေပါကြောင်း၊

(ဆ) လုပ်ပိုင်ခွင့်ဆိုင်ရာ ကွာဟမှုများက လူမှုရေးမတည်ငြိမ်မှုနဲ့ မမျှတမှုတို့၏ အခြေခံအကြောင်းတရားဖြစ်ပြီး ဆင်းရဲ ချမ်းသာ ကွာဟမှုကို ဆိုးဝါးစေပါကြောင်း၊

(ဇ) အစိုးရသည် မြေယာသိမ်းယူရာမှာလုပ်ပိုင်ခွင့်များကို ကျင့်သုံးသောလုပ်ထုံးလုပ်နည်းများသည် ရှင်းလင်းပြီး ထင်သာမြင်သာရှိစေမှသာ တောင်သူလယ်သမားများအတွက် ၎င်းတို့ ပိုင်ဆိုင်လုပ်ကိုင်ရမည့် အနေအထားကို သိမြင်လာစေနိုင်မှာ ဖြစ်ပါကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းမျိုးသည် အများပြည်သူ၏ အကျိုးစီးပွားနဲ့သက်ဆိုင်သောမြေယာသိမ်းယူခြင်းမျိုးသာဖြစ်ပါ၍ လျော်ကြေးအပြည့်အဝ ပေးရမည်ဖြစ်ကြောင်း၊

(ဈ) မြေယာသိမ်းယူမှုကြောင့် ထိခိုက်နစ်နာစေသူ အားလုံးကို အထူးဂရုပြုကုစားပေးရန် လိုအပ်ပါကြောင်း၊

(ည) မြေယာသိမ်းယူပြီး လုပ်ဆောင်သောလုပ်ဆောင်ချက် အကျိုးရလဒ်များအား မည်သူခံစားရသည် ဆိုသည်ကို အသေအချာ လေ့လာဆန်းစစ်သင့်ပါကြောင်း၊

(ဋ) အများပြည်သူအတွက် အကျိုးရလဒ် ပိုပြီးရရှိစေနိုင်သော လုပ်ထုံးလုပ်နည်းများနှင့်သာ ဆောင်ရွက်သင့်ပါကြောင်း၊

(ဌ) အစိုး၏ဥပဒေပြုရေးနှင့် အုပ်ချုပ်ရေးမဏ္ဍိုင်တို့က နိုင်ငံရှိ မြေယာအမျိုးအစား ခွဲခြားခြင်း၊ မြေယာပိုင်ဆိုင်ခွင့်လုံခြုံစိတ်ချရမှုနှင့်မြေယာပဋိပက္ခတို့နှင့် ဆက်စပ်သည့်လေးနက်သော ကိစ္စရပ်များကို အသိအမှတ်ပြုကြောင်း၊ တုံ့ပြန်မှုအနေဖြင့် ကော်မတီတစ်ဖွဲ့နှင့် ကော်မရှင်တစ်ဖွဲ့တို့ကို ဖွဲ့စည်း ထူထောင်ခဲ့ကြောင်း၊

(ဍ) စုံစမ်းရရှိသည့်သတင်းအချက်အလက်ကို နိုင်ငံ၌ မြေယာအုပ်ချုပ်စီမံမှုနှင့် ဆက်စပ်သည့် ဥပဒေပြုရေးနှင့် မူဝါဒ မူဘောင်များ ပိုမိုဖွံ့ဖြိုးလာရေး အသုံးတည့်လိမ့်မည် ဟုမျှော်လင့်ရကြောင်း၊

(ဎ) စုဆောင်းရရှိသည့် သတင်းအချက်အလက်များက မြေယာသိမ်းပိုက်ရယူ သွားမှုများကို ဖြေရှင်းခြင်းအတွက် လွှတ်တော်အနေဖြင့် အုပ်ချုပ်ရေးမဏ္ဍိုင်သို့ ထောက်ခံချက်များ ပေးရန်လည်း ကူညီပေးလိမ့်မည် ဖြစ်ပါသည်။" [9]

## အခန်း(၄)

## မြေယာပြုပြင်ပြောင်းလဲရေးနှင့်စပ်လျဉ်း၍ နိုင်ငံတကာနှင့် နှိုင်းယှဉ်မှုများ

### ဂျပန်နိုင်ငံ

၉။ Mr. J.Mark Ramseyer (Mitsubishi Professor, Japanese Legal Studies, Harvard University)ရေးသားသောThe Fable of Land Reform: Expropriation and Redistribution in Occupied, Japan) စာအုပ်မှ အချို့အချက်အလက်များကို အောက်ပါအတိုင်း ကောက်နုတ်ဖော်ပြထားခြင်းဖြစ်ပါသည်-

[9] မြန်မာနိုင်ငံခေတ်အဆက်ဆက်မှမြေယာ မူဝါဒများ messengernewsjournal ,available from:
http://messengernewsjournal.com/News/Article/detail.php?id=12734/[accessed 4 September 2014]

(က) ဂျပန်နိုင်ငံ၏ မြေယာပြုပြင်ပြောင်းလဲရေးသည် ကုန်ထုတ်စွမ်းအားကို မြှင့်တင်နိုင်ပြီး မြို့ပြဆက်ဆံရေးကိုလည်း တိုးမြှင့်စေနိုင်ခဲ့၏။ ၁၉၄၇-၅၀ခုနှစ် အတောအတွင်း ဂျပန်နိုင်ငံ၌ မြေယာပြုပြင်ပြောင်းလဲရေးသည် ကုန်ထုတ်စွမ်းအားကို မြှင့်တင်နိုင်ခဲ့သည်။ ၁၉၄၁ ခုနှစ်တွင် ဂျပန်လယ်သမားတို့မှာ သန်းပေါင်း ၅.၈၁ ဟက်တာ (တစ်ဟက်တာသည် ၁၀,၀၀၀ စတုရန်းမီတာ(သို့) ၂.၄၇ဧက) ထွန်ယက် စိုက်ပျိုးခဲ့ကြ၏။ ယင်းပမာဏအနက်မှ ၎င်းတို့သည် သန်းပေါင်း ၃.၁၃ ဟက်တာ (၅၄%)ကို လက်ဝယ်ပိုင်ဆိုင်ထားကြပြီး သန်းပေါင်း ၂.၆၈ ဟက်တာကိုအငှားချထားခဲ့ကြသည်။ ရေသွင်းစပါးသန်းပေါင်း ၃.၁၇ ဟက်တာကို စိုက်ပျိုးခဲ့ကြသည်။ ယင်းမှ သန်းပေါင်း ၁.၄၈ ဟက်တာ (၄၇%)ကို ပိုင်ဆိုင်ကာ သန်းပေါင်း ၁.၆၉ ဟက်တာကို အငှားချထားခဲ့ကြ၏။

(ခ) ဂျပန်အစိုးရမှတဆင့် ကြည်းတပ်ဗိုလ်ချုပ်ကြီးမက်အာသာ၏ စစ်တပ်များသည် ပိုင်ရှင်များဆီမှ အငှားချထားသည့် မြေယာသန်းပေါင်း ၁.၇၆ ဟက်တာ (၆၆%)ကို သိမ်းယူခဲ့ပြီး မြေငှားများကို ပေးဝေခဲ့သည်။ မြေခစားမြေရှင်ဆီမှ လယ်မြေများကိုသိမ်းယူပြီး လယ်မဲ့ယာမဲ့ လယ်သမားများအား ပြန်လည်ဝေငှခဲ့သည်ဟု ဆိုစမှတ်ပြုခဲ့ကြ၏။ အစိုးရကမြေကို ငွေဖြင့်ပေး၍ဝယ်ယူခဲ့ကာ မြေငှားတို့အား ပြန်လည်ရောင်းချခဲ့သည်ဟုဆိုရပါမည်။ အမှန်စင်စစ်တွင်မူအစိုးရက ဈေးနည်းနည်းနှင့်ဝယ်၍ ဈေးနည်းနည်းနှင့်ပြန်ရောင်းပြီး လယ်မြေများကို ထိထိရောက်ရောက် သိမ်းယူပေးဝေလုပ်ခဲ့လိုက်ခြင်းသာ ဖြစ်ပေ၏။

(ဂ) ဂျပန်မြေယာပြုပြင်ပြောင်းလဲရေးမှာ လုံးဝအောင်မြင်မှုရခဲ့သည်ဟု ဆိုရေးရှိခဲ့ကြပြီး ဆယ်စု ၆ နှစ်စာ ကုန်လွန်ခဲ့သော်ငြားလည်း ယင်းအောင်မြင်မှုကြီးသည် ဖွံ့ဖြိုးရေးဘောဂပညာရှင်များ၊ လူထုနိုင်ငံရေးသမားများ၊ ကမ္ဘာ့ဘဏ်နှင့် ကုလသမဂ္ဂရုံးဝန်ထမ်းတို့အပေါ်ဆက်လက်၍ ဩဇာညောင်းလျက်ရှိဆဲဖြစ်ကြောင်း၊ ကမ္ဘာ့ဘဏ်နှင့်ကုလသမဂ္ဂရုံးဝန်ထမ်းတို့နှင့်တကွ သုတေသီအပေါင်းတို့က “ဂျပန် မြေယာပြုပြင်ရေးစီမံချက်သည် မှန်မှန်ကန်ကန် ဆောင်ရွက်ခဲ့ကြောင်း၊ ကျေးလက်မွဲတေမှုကို သိသိသာသာလျှော့ချပေးနိုင်ခဲ့ကြောင်း၊ လယ်ယာစိုက်ပျိုးရေးကုန်ထွက်ကို စေ့ဆော်ပေးခဲ့ပြီး မြို့ပြဆက်ဆံရေးကိုလည်း တိုးမြှင့်ပေးစေနိုင်ခဲ့ကြောင်း ” ပြောဆိုကြပါသည်။

(ဃ) ဂျပန်စီမံချက်သည် ကုန်ထုတ်လုပ်မှုကို တိုးမြှင့်မပေးနိုင်ခဲ့ပါချေ။ ယင်းအစားကုန်ထွက် ကျဆင်းခဲ့ရ၏။ အကြောင်းရင်းကား ဂျပန်လယ်သမားတို့သည် ၎င်းတို့၏လယ်မြေများကို ပုံသေမြေငှားခ (fixed rent) ဖြင့် ငှားခဲ့ကြရသည်။ သီးစားခစာချုပ်(sharecropping contract) မျိုးဖြင့် မဟုတ်ခဲ့ကြပေ။ မည်သည့်ကုန်ထွက်မှုမဆို မည်မျှတိုးတိုး၊ အလုံးစုံကြို၍ ရရှိထားပြီး ဖြစ်နေခဲ့ကြသောကြောင့်လည်းဖြစ်၏။

(င) မြေငှားစာချုပ် (rental contracts) များမှာ လယ်သမားများနှင့် ရင်းနှီးမြှုပ်နှံသူများက လယ်ယာစိုက်ပျိုးရေးတွင် အလုပ်တာဝန်ခွဲဝေပိုင်းခြားရာ၌ အကျိုးအမြတ်များစွာရရှိမှုကို အမြတ်ထုတ်သော ယန္တရားအဖြစ်သာဖြစ်ခဲ့ကြရကြောင်း၊ ဥပဒေအကျိုးဆောင်များက ကာလတာရှည်စွာ အသိအမှတ်ပြုထားခဲ့ကြသော မြေငှား (lease) ချထားခြင်းမှာ ဘဏ္ဍာရေးပဋိညာဉ်ပင်ဖြစ်၍ မြေငှားစာချုပ်များမှတဆင့် အရင်းအနှီးအတွက် အသင့်ရှိနေကြသောလူတို့က လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင် ဧရာမ စီမံချက်ကြီးများစွာကို ရင်းနှီးမြှုပ်နှံခဲ့ကြရကြောင်း၊ အကြီးစားရေသွင်းစိုက်ပျိုးရေး စီမံကိန်းကြီးများမှစ၍ နည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးများ၊ မြေသြဇာချေးငွေများအထိ ဖြစ်ခဲ့ရကြောင်း၊ ၎င်းလိုအပ်ချက်များအတွက် ရင်းနှီးရန်အသင့်မဖြစ်ကြသော လူတို့မှာ ပဋိညာဉ်စာချုပ်များကို အသုံးပြု၍ ရန်ပုံငွေများရရန် လမ်းအိုလိုက်ကြတော့ကြောင်း၊ သို့သော် မြေယာပြုပြင်ပြောင်းလဲမှုကြီးက အဆိုပါအပြန်အလှန် အကျိုးအမြတ် အပေးအယူ ဖြစ်ထွန်းမှုကို ရပ်တန့်ပစ်စေခဲ့၏။ ပြုပြင်ရေးခေတ်လွန်သော် လယ်သမားတို့မှာ မြေယာအားလုံးနီးပါးကို ပိုင်ဆိုင်လာခဲ့ကြပါသည်။ [10]

**ကမ္ဘောဒီးယား**

၁၀။ ကမ္ဘောဒီးယားနိုင်ငံ၏ မြေယာဆိုင်ရာပြဿနာများနှင့် ပြုပြင်ပြောင်းလဲမှုများနှင့်စပ်လျဉ်း၍ ၂၀၁၂ခုနှစ် နိုဝင်ဘာလတွင် The Food Security Working Group ၏စာတမ်း၌ အောက်ပါအတိုင်း ဖော်ပြထားပါသည်-

[10]Mr.JM Ramseyer - 2012, the fable of land reform expropriation and redistribution in occupied japan, available from: http://www.law.northwestern.edu/research-faculty/colloquium/law-economics/documents/Ramseyer-%20Fable%20of%20Land%20Reform.pdf /[accessed 8 September 2014]

(က) ကမ္ဘောဒီးယားနိုင်ငံသည် ၂၅ နှစ်ကြာမျှ ပြည်တွင်းစစ်နှင့်ပဋိပက္ခမှုဖြစ်ပွားနေခဲ့ပြီးနောက် အလွန်ခက်ခဲပြီးထူးခြားသော ဖွံ့ဖြိုးရေးပြဿနာအချို့ကို ရင်ဆိုင်ခဲ့ရပါသည်။

(ခ) ကမ္ဘောဒီးယားနိုင်ငံတွင်မြေဝယ်ယူခြင်းနှင့် ယင်းမှပေါ်ပေါက်လာသော မြေယာပဋိပက္ခတို့မှာ ကြီးလေးသောပြဿနာဖြစ်ပါသည်။ အထူးသဖြင့် နိုင်ငံတွင်းကြီးမားသော စက်မှုစိုက်ပျိုးရေး လုပ်ပိုင်ခွင့်များချပေးထားခြင်းမှာ ထိန်းချုပ်မှုကွပ်ကဲမှုမရှိဘဲ တိုးချဲ့လာနိုင်ခြင်းကြောင့် ဖြစ်ပါသည်။ ယင်းတို့ကြောင့် ကမ္ဘောဒီးယားနိုင်ငံ၏ အမြဲတမ်းသစ်တောကြိုးဝိုင်းများနှင့်ကာကွယ်စောင့်ရှောက်ထားသော လယ်ယာမြေများအများအပြားပျက်စီးခဲ့ပါသည်။ လယ်သမားများအနေဖြင့် လယ်ယာလုပ်ငန်းလုပ်ကိုင်ရန် လုံလောက်သော လယ်ယာမြေဧရိယာမရှိသော ကြီးလေးသည့်ပြဿနာနှင့် ရင်ဆိုင်ရပါသည်။

(ဂ) ကမ္ဘောဒီးယားနိုင်ငံသည် ဥပဒေစနစ်အားဖြင့်နိုင်ငံအတွင်း မြေယာစီမံခန့်ခွဲမှုနှင့် ခွဲဝေမှုအတွက် ခိုင်မာသော မူဘောင်တစ်ရပ်ကိုချမှတ်ထားရှိသော်လည်း နိုင်ငံသားများ၏ အခွင့်အရေးများကို အလေးဂရုပြုသောနည်းလမ်းဖြင့် ယင်းစနစ်များကို စနစ်တကျ အကောင်အထည်ဖော်ရန် နိုင်ငံရေးအရ လိုအင်ဆန္ဒမရှိဘဲဖြစ်နေပါသည်။

(ဃ) ကမ္ဘောဒီးယားနိုင်ငံသည် မြေစာရင်းဖြင့်မှတ်တမ်းတင်သောစနစ်ကို ကျင့်သုံးပါသည်။ ယင်းစနစ်တွင်-

(၁) ပုဂ္ဂလိကပိုင်မြေနှင့်ပိုင်ဆိုင်ပစ္စည်းအခွင့်အရေးများကို အသိအမှတ်ပြုပါသည်။

(၂) မြေပိုင်ခွင့်များကို အမှန်တကယ်စနစ်တကျ မှတ်တမ်းတင်ထားသော နယ်မြေဒေသများတွင် ထိုစနစ်မှာအောင်မြင်မှု ရရှိပါသည်။

(င) ပြဿနာမှာ လူအများအပြားသည် ၎င်းတို့၏အခွင့်အရေးများကို မှတ်ပုံတင်ခြင်းစနစ်မရှိခြင်း(မှတ်ပုံမတင်ခြင်း)ဖြစ်ပါသည်။သို့ဖြင့်လယ်လုပ်ခွင့်မသေချာခြင်း၊ လယ်လုပ်ခွင့်လုံခြုံမှုမရှိခြင်း၊ မြေယာသိမ်းဆည်းမှုများ အနှံ့အပြားဖြစ်နေသည့် ဖိအားပေးမှုကြုံတွေ့ရခြင်းများ ဖြစ်နေပါသည်။

(စ) ကမ္ဘောဒီးယားနိုင်ငံသည် သမိုင်းတလျှောက် မြေယာစီမံခန့်ခွဲရေးနှင့် စီမံကိန်းရေးဆွဲရာတွင် အထူးသဖြင့် အစိုးရအဖွဲ့အစည်းအသီးသီး၏ လုပ်ပိုင်ခွင့်များထပ်နေခြင်းနှင့်စပ်လျဉ်း၍ ဥပဒေများတစ်ခုနှင့်တစ်ခုသဟဇာတညီညွတ်မှုရှိရေး ပြဿနာများကြုံတွေ့နေရပါသည်။

(ဆ) ကမ္ဘောဒီးယားနိုင်ငံတွင်ကြုံတွေ့နေရသော အကြီးမားဆုံးပြဿနာတစ်ရပ်မှာ နိုင်ငံတော်အစိုးရအနေဖြင့်မြို့ပြနှင့် မြို့ပြပတ်လည်တစ်ဝိုက်နယ်မြေဒေသများတွင်သာ မြေပိုင်ခွင့်အခွင့်အရေးများမှတ်ပုံတင်ခြင်းကိုတစ်ခုတည်းနီးပါးမျှ ပထမဦးစွာအာရုံစူးစိုက်ပြီး အခြားနယ်မြေဒေသများကို ဆောင်ရွက်ခဲ့ခြင်း မရှိသည့်ပြဿနာဖြစ်ပါသည်။

(ဇ) နိုင်ငံတော်အစိုးရအနေဖြင့် တစ်ချိန်တည်းမှာပင် ကျေးလက်ဒေသ ပြည်သူလူထုအတွက် လယ်လုပ်ခွင့် လုံခြုံမှုကိုလည်းဆောင်ရွက်ရန်အဓိကထား ဆောင်ရွက်ခဲ့ပါသည်။ သို့ဖြင့် မြေယာပဋိပက္ခမှု နှင့်လူမှုရေးမတည်ငြိမ်မှုနိုင်ငံအနေဖြင့် ရင်ဆိုင်နေရသော လယ်ယာမြေပဋိပက္ခနှင့် လူမှုရေးမတည်ငြိမ်မှုပြဿနာ အများအပြားကို ရှောင်လွှဲနိုင်မည် ဖြစ်ပါသည်။ယင်းအမှားအယွင်းများကြောင့်မြေယာပဋိပက္ခနှင့်နိုင်ငံတွင်းလူမှုရေးမတည်ငြိမ်မှုဆိုင်ရာ ကြီးလေးသော ပြဿနာများဖြစ်ပွားနေပါသည်။

(ဈ) ကမ္ဘောဒီးယားအစိုးရသည် ရပ်ရွာမြေပိုင်ခွင့်အခွင့်အရေးများကိုလူနည်းစုတိုင်းရင်းသားရပ်ရွာများအတွက် အသိအမှတ်ပြုရန် ဥပဒေအရအစီအမံများ ချမှတ်ထားပါသည်။[11]

**လာအိုနိုင်ငံ**

၁၁။ လာအိုနိုင်ငံ၏ မြေယာဆိုင်ရာပြဿနာများနှင့် ပြုပြင်ပြောင်းလဲမှုများနှင့်စပ်လျဉ်း၍ ၂၀၁၂ခုနှစ် နိုဝင်ဘာလတွင် The Food Security Working Group ၏စာတမ်း၌ အောက်ပါအတိုင်း ဖော်ပြထားပါသည်-

(က) လာအိုနိုင်ငံသည် မြေယာသိမ်းဆည်းမှုများ အနှံ့အပြားဖြစ်ပွားခြင်း၊ မြေယာပဋိပက္ခဖြစ်ခြင်း၊ လူမှုရေးမတည်ငြိမ်မှုမြင့်တက်လာခြင်းဟူသော ပြဿနာများနှင့် ရင်ဆိုင်ရလျက်ရှိပါသည်။

[11] The Food Security Working Group (9-2012), available from: http://www.myanmarfswg.org/source/download/land_update_15_10_2013/Legal%20Review_Research%20Review/FSWG_LCG_Legal%20Review%20of%20Farmland%20Law%20and%20Vacant,%20Fallow%20and%20Virgin%20Land%20Management%20Law%20%28Nov%202012%29%20%28MYN%29.pdf/[ accessed 8 September 2014]

(ခ) ဤအခြေအနေတွင် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံအစိုးရသည်လယ်ယာမြေနှင့်သဘာဝအရင်းအမြစ်များဆိုင်ရာမူဝါဒနှင့် ဥပဒေအသီးသီးကို ပြန်လည်သုံးသပ်ပြီး ပြင်ဆင်ရန် ဆောင်ရွက်လျက်ရှိပါသည်။ ဤလုပ်ငန်းစဉ်ကို ၂၀၁၁ ခုနှစ်တွင် စတင်ပြီး ၂၀၁၂ ခုနှစ်နှစ်ကုန်ပိုင်းတွင် မြေအသုံးပြုမှု မူဝါဒများပြန်လည်ပြင်ဆင်မှုပြီးဆုံးရန် စီစဉ်ထားပါသည်။

(ဂ) လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၏ အမျိုးသားလွှတ်တော် စီးပွားရေးစီမံကိန်းနှင့်ဘဏ္ဍာရေးကော်မတီက နယ်ပယ်အများကဏ္ဍများနှင့်သက်ဆိုင်သောလယ်ယာမြေနှင့်ဆက်စပ်နေသည့် ပြဿနာများကိုဖော်ပြထားပါသည်။ ယင်းတို့မှာ လယ်လုပ်ခွင့်ပိုင်ဆိုင်မှုစာရွက်စာတမ်းရှိမှု ငှားရမ်းခြင်းနှင့် အခြားမြေအသုံးပြုမှု အမျိုးအစားသည် စိန်ခေါ်မှု အခက်အခဲများဖြစ်စေပြီး မဟာဗျူဟာရှုမြင်ပုံဖြင့် မူဝါဒများရေးဆွဲလျက် စီးပွားရေးနှင့် လူမှုရေး ယှဉ်ပြိုင်နေသော အင်အားစုများအသီးသီးကို ဟန်ချက်ညီစေပြီး လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံအတွင်း စီးပွားရေးကြီးထွားမှု အများဆုံးရှိစေလျှက် ဆင်းရဲနွမ်းပါးမှု နည်းပါးသက်သာစေရန် လုပ်ဆောင်ရပါမည်။

(ဃ) လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ အမျိုးသားလွှတ်တော် စီးပွားရေးစီမံကိန်းနှင့်ဘဏ္ဍာရေးကော်မတီက ဖော်ထုတ်ထားသော အဓိကအရေးပါသည့် စိုးရိမ်ပူပန်မှုအချို့တွင် အောက်ပါတို့ပါဝင်ပါသည်-

(၁) လာအိုနိုင်ငံကျေးလက်နှင့်မြို့ပြဒေသများရှိ အိမ်ထောင်စုအများစုသည် မြေယာဆိုင်ရာအခွင့်အရေးများ လုံခြုံစွာရှိစေခြင်း၊ ဥပမာ-မြေယာများကို နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများအတွက် ဖွင့်လှစ်ခြင်းမပြုမီ မြေယာအသုံးပြုသူအခွင့်အရေးများ တရားဝင်မှတ်ပုံတင်ပြီးဖြစ်စေလျှက် မိမိတို့မြေကို အစဉ်အလာ မြေယာအခွင့်အရေးများရှိစေရေး သီးသန့်ပြုစုခြင်း၊

(၂) ဥပဒေမူဘောင်တွင် ရှင်းလင်းခြင်းနှင့် ရှေ့နောက်ညီညွတ်မှုရှိစေခြင်း၊ ဥပဒေများနှင့်အကောင်အထည်ဖော်ရေး လမ်းညွှန်ချက်များ၊

(င) မြေအရောင်းအဝယ်ပြုလုပ်မှုများကိုအုပ်ချုပ်ပြီး စောင့်ကြည့်လေ့လာနိုင်ရန်အတွက် ဗဟို အဆင့်နှင့် နယ်မြေခံအဆင့်များတွင် အဖွဲ့အစည်းစနစ်ပိုင်းနှင့် အုပ်ချုပ်မှုပိုင်း ထိရောက်သော စွမ်းဆောင်ရည်ရှိစေခြင်း၊

(စ) နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများအား လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံသို့ လာရောက်ရန်မဖိတ်ခေါ်မီမြေပိုင်ဆိုင်မှုနှင့်စပ်လျဉ်းသော အခွင့်အလမ်းများနှင့်အန္တရာယ်ကျရောက်မှုများအကြောင်း နိုင်ငံသားများအကြားတွင် သိမြင်နားလည်မှုမြှင့်တင်ခြင်း၊

(ဆ) နိုင်ငံသားများနှင့်နယ်မြေခံရပ်ရွာများသည် ဥပဒေများနှင့်စည်းမျဉ်းများကို မည်မျှကောင်းမွန်စွာ အကောင်အထည် ဖော်ဆောင်ရွက်ကြောင်း စောင့်ကြည့်လေ့လာနိုင်စေရန်အတွက် မြေနှင့်ပတ်သက်သော အရောင်းအဝယ် လက်ပြောင်းလက်လွှဲကိစ္စရပ်များအားလုံးတွင် ထင်သာ မြင်သာရှိစေခြင်း၊ နယ်မြေခံအဆင့်တွင် စောင့်ကြည့်လေ့လာရေးလုပ်ငန်းကို ထိရောက်စွာ ဆောင်ရွက်ခြင်း၊

(ဇ) လာအိုနိုင်ငံသည် ရပ်ရွာအတွက် မြေယာခွဲဝေသတ်မှတ်ပေးမှုများ၌ သစ်တောမြေအရင်းအမြစ်များအပေါ် အခွင့်အရေးများအပါအဝင် လူနည်းစုတိုင်းရင်းသားရပ်ရွာများ၏အခွင့်အရေးများ မြေယာအသုံးပြုမှုအခွင့်အရေးများကို အသိအမှတ်ပြုပါသည်။

(ဈ) မြေပိုင်ခွင့်ကိုလည်းအသိအမှတ်ပြုပါသည်။ မြေယာအသုံးပြုမှု အသိအမှတ်ပြု လက်မှတ်များထုတ်ပေးရန်အတွက် ဥပဒေပြဋ္ဌာန်းပြီး အစီအမံချမှတ်ထားပါသည်။ ငွေရင်းငွေနှီးရယူနိုင်ရန်လည်း ခွင့်ပြုထားပါသည်။[12]

**ထိုင်းနိုင်ငံ**

၁၂။ ထိုင်းနိုင်ငံ၏ မြေယာဆိုင်ရာပြဿနာများနှင့် ပြုပြင်ပြောင်းလဲမှုများနှင့်စပ်လျဉ်း၍ ၂၀၁၂ ခုနှစ် နိုဝင်ဘာလတွင် The Food Security Working Group ၏စာတမ်း၌ အောက်ပါအတိုင်း ဖော်ပြထားပါသည်-

[12] The Food Security Working Group (9-2012 ) available from: http://www.myanmarfswg.org/source/download/land_update_15_10_2013/Legal%20Review_Research%20Review/FSWG_LCG_Legal%20Review%20of%20Farmland%20Law%20and%20Vacant,%20Fallow%20and%20Virgin%20Land%20Management%20Law%20%28Nov%202012%29%20%28MYN%29.pdf/[accessed 8 September 2014]

(က) ထိုင်းနိုင်ငံသည် သမိုင်းတစ်လျှောက် နိုင်ငံရေးတည်ငြိမ်မှုရရှိစေနိုင်သော နည်းလမ်းတစ်ရပ်အဖြစ် ကျေးလက်ဒေသပြည်သူလူထုအား မြေယာနှင့်သစ်တောအရင်းအမြစ်များ ခွဲဝေခြင်းကို အောင်မြင်စွာ အသုံးပြုခဲ့ပါသည်။

(ခ) မကြာသေးမီနှစ်များအတွင်းက မြေသိမ်းဆည်းခြင်းနှင့် စပ်လျဉ်းသော ပြဿနာများနှင့်ယင်းတို့မှ ဖြစ်ပေါ်လာသော မြေယာပဋိပက္ခမှုများစတင်၍ တိုးပွားလာပါသည်။ အချို့သောအကြီးမားဆုံးပြဿနာအချို့မှာ လူနည်းစုတိုင်းရင်းသားအုပ်စုများသည် အစဉ်အလာအားဖြင့် မြေယာအရင်းအမြစ်များကို မျိုးဆက်များစွာ ကြာမြင့်အောင် ရေရှည်တည်တံ့သော နည်းလမ်းဖြင့် အသုံးပြုခဲ့သော်လည်း ယခုအခါ ၎င်းတို့၏မြေပိုင်ခွင့်များဆုံးရှုံးနေသော နယ်မြေဒေသများတွင် အကြီးမားဆုံး ပြဿနာအချို့ ဖြစ်ပွားလျှက်ရှိပါသည်။

(ဂ) ထိုင်းနိုင်ငံသည် နိုင်ငံသားများ၏ ပုဂ္ဂလိကပစ္စည်းပိုင်ဆိုင်ခွင့်ကို အသိအမှတ်ပြုပါသည်။ ထိုင်းနိုင်ငံ၏အရေးကြီးဆုံးအပိုင်းကဏ္ဍမှာ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များတွင် အများပြည်သူ ပါဝင်ဆောင်ရွက်နိုင်ရေး ခွင့်ပြုထားပုံပင်ဖြစ်ပါသည်။ ယင်းကို ထိုင်းနိုင်ငံဖွဲ့စည်းပုံ အခြေခံဥပဒေတွင် ထည့်သွင်းပြဋ္ဌာန်းထားပြီး လွန်ခဲ့သောနှစ်ပေါင်း ၂ဂ အတွင်းတွင် အရေးပါသော တိုးတက်ဖွံ့ဖြိုးမှုများ ပြောင်းလဲမှုများ ပြုလုပ်ခဲ့ပါသည်။

(ဃ) ထိုင်းနိုင်ငံ၏ ၁၉၉၇ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် -

(၁) သဘာဝပတ်ဝန်းကျင်သဘာဝအရင်းအမြစ်များ ထိန်းသိမ်းခြင်း၊

(၂) ကာကွယ်စောင့်ရှောက်ခြင်းနှင့် အသုံးပြုခြင်း၊

(၃) သဘာဝပတ်ဝန်းကျင်အရည်အသွေး ကာကွယ်စောင့်ရှောက်ခြင်း၊ မြှင့်တင်ခြင်းနှင့်ထိန်းသိမ်းခြင်းတို့တွင် လူပုဂ္ဂိုလ်များနှင့်ရပ်ရွာများတိုက်ရိုက်ပါဝင်ဆောင်ရွက်ရန် အခွင့်အရေးကို အတိအလင်း အသိအမှတ်ပြုဖော်ပြထားပါသည်။

(င) ထိုင်းနိုင်ငံတွင် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ တရားစီရင်ရေး ဖွံ့ဖြိုးရေးကိုလည်း အထောက်အကူပြုခဲ့ပါသည်။ နောက်ဆုံးပြဋ္ဌာန်းခဲ့သော အခြေခံဥပဒေ (၂၀၀၇ ခုနှစ်) တွင် ၁၉၉၇ ခုနှစ်က ပြုလုပ်ခဲ့သောအပြောင်းအလဲများပေါ် ဆက်လက်၍ တည်ဆောက်ခဲ့ပါသည်။[13]

**ဗီယက်နမ်နိုင်ငံ**

၁၃။ ဗီယက်နမ်နိုင်ငံ၏ မြေယာဆိုင်ရာပြဿနာများနှင့် ပြုပြင်ပြောင်းလဲမှုများနှင့်စပ်လျဉ်း၍ ၂၀၁၂ ခုနှစ် နိုဝင်ဘာလတွင် The Food Security Working Group ၏စာတမ်း၌ အောက်ပါအတိုင်း ဖော်ပြထားပါသည်-

(က) ဗီယက်နမ်နိုင်ငံသည် အိမ်နီးချင်းနိုင်ငံအများအပြားမှာကဲ့သို့ပင် နိုင်ငံအတွင်း မြေယာသိမ်းဆည်းခြင်းနှင့် ပဋိပက္ခမှုဆိုင်ရာပြဿနာများ ရင်ဆိုင်ရပါသည်။ ယင်းပြဿနာအများအပြားမှာ မြေရယူအသုံးပြုမှုနှင့်စပ်လျဉ်း၍ နိုင်ငံပိုင်လုပ်ငန်းများနှင့်လယ်ဧကအနည်းငယ်လုပ်ကိုင်သော လယ်သမားများ၏ အခွင့်အရေးများ ပဋိပက္ခဖြစ်ခြင်းနှင့် စပ်လျဉ်း၍ ပေါ်ပေါက်လာခြင်းဖြစ်ပါသည်။

(ခ) စီးပွားရေးဖွံ့ဖြိုးမှု ဖိအားပေးမှုများနှင့် ရင်ဆိုင်ရသောအခါတွင် မြေအသုံးပြုမှုအခွင့်အရေးများဆုံးရှုံးရသည့်အတွက် လျော်ကြေးတွက်ချက်ပုံနှင့်စပ်လျဉ်း၍လည်း ကြီးလေးသောပြဿနာများရှိပါသည်။ မြေကို နိုင်ငံတော်အစိုးရက စီးပွားရေးဖွံ့ဖြိုးရန်အတွက် ရယူနိုင်ပါသည်။ သို့ဖြင့် နိုင်ငံအတွင်း မြေယာပဋိပက္ခမှုနှင့် လူမှုရေး မတည်ငြိမ်မှုများ ပိုမိုများပြားလာပါသည်။

(ဂ) ဗီယက်နမ်နိုင်ငံ မြေယာစီမံခန့်ခွဲမှုစနစ်များတွင် အခြားသောပြဿနာများမှာ-

(၁) မြေယာအခွင့်အရေးများ ပေးအပ်ရာတွင် ကျား၊ မ မျှတမှုမရှိခြင်း (ကျား၊မ) ဘက်မလိုက်မှု ရှိခြင်း၊

[13] The Food Security Working Group (9-2012), available from:
http://www.myanmarfswg.org/source/download/land_update_15_10_2013/Legal%20Review_Research%20Review/FSWG_LCG_Legal%20Review%20of%20Farmland%20Law%20and%20Vacant,%20Fallow%20and%20Virgin%20Land%20Management%20Law%20%28Nov%202012%29%20%28MYN%29.pdf/[accessed 8 September 2014]

(၂) လယ်ယာစိုက်ပျိုးရာတွင် လွတ်လပ်ခွင့်မရှိခြင်း၊

(၃) အသက်မွေးဝမ်းကြောင်းအတွက် လယ်သမားများအား ခွဲဝေသတ်မှတ်ပေးသော လယ်ယာမြေ ဧရိယာမလုံလောက်ခြင်း၊

(၄) မြေအသုံးပြုမှု အခွင့်အရေးများပေးအပ်သည့်စနစ်မှာ ရှုပ်ထွေးလွန်းခြင်း၊

(၅) မြေယာစီမံခန့်ခွဲမှု ဆုံးဖြတ်ချက်ချမှတ်သည့် လုပ်ငန်းစဉ်များမှာ ယေဘုယျအားဖြင့် ထင်သာမြင်သာရှိမှု မရှိခြင်းတို့ဖြစ်ပါသည်။

(ဃ) မြေယာနှင့်စပ်လျဉ်း၍ ဗီယက်နမ်နိုင်ငံ၏ ဥပဒေမူဘောင် အားသာချက်များမှာ-

(၁) မြေအသုံးပြုမှုအမျိုးအစားများ အားလုံးပေါင်းစည်းထည့်သွင်းပါဝင်သော ပြည့်စုံသည့်မြေယာဥပဒေရှိခြင်း၊

(၂) မြေစာရင်းဖြင့် မှတ်တမ်းတင်သောစနစ် ပေါင်းစည်းထည့်သွင်းထားခြင်း၊

(၃) မြေယာဇုန် သတ်မှတ်သည့်စနစ်ကို အသုံးပြုခြင်း၊

(၄) နိုင်ငံအတွင်း မြေအသုံးပြုမှုအစီအစဉ် ရေးဆွဲရာတွင် ပြည့်စုံသောလုပ်ငန်းစဉ်ကို အသုံးပြုခြင်း တို့ဖြစ်ပါသည်။

(င) ဗီယက်နမ်နိုင်ငံအနေဖြင့် နိုင်ငံအတွင်းမြေယာသိမ်းဆည်းခြင်းနှင့် ယင်းကြောင့်ဖြစ်ပေါ်လာသောမြေယာပဋိပက္ခများဆိုင်ရာပြဿနာများ ရင်ဆိုင်နေရကြောင်း နားလည်သဘောပေါက်ပြီး ကျေးလက်ဒေသလယ်သမားများ၏ လယ်လုပ်ခွင့်လုံခြုံမှုကို ပိုမိုကောင်းမွန်စွာ ကာကွယ်စောင့်ရှောက်နိုင်ရေးအတွက် မြေယာဥပဒေကို ပြင်ဆင်လျှက်ရှိပါသည်။ မြေပိုင်ခွင့်အခွင့်အရေးများဆုံးရှုံးပါကမြေအသုံးပြုခွင့်နှင့်ပိုင်ဆိုင်ခွင့်အခွင့်အရေးများဆုံးရှုံးပါက လျော်ကြေးတွက်ချက်ရန် အစီအမံများ ပိုမိုကောင်းမွန်စေရေး မြေယာနှင့်စပ်လျဉ်းသည့် ပဋိပက္ခများဖြစ်ပွားလာနိုင်မည့် အလားအလာ

လျှော့ချရေးတို့ကို လုပ်ဆောင်လျှက်ရှိပါသည်။ လက်ရှိမြေယာဥပဒေတွင် ပြင်ဆင်ချက်များကို ၂၀၁၃ ခုနှစ်တွင် ပြီးစီးအောင် ဆောင်ရွက်နိုင်မည်ဟု မျှော်မှန်းပါသည်။[14]

**တရုတ်နိုင်ငံ**

၁၄။ တရုတ်နိုင်ငံ၏ မြေယာပြုပြင်ပြောင်းလဲရေးနှင့် ပတ်သက်သော အစီရင်ခံစာကို ကမ္ဘာ့ဘဏ်မှ မကြာသေးခင်က ထုတ်ဝေထားပါသည်။ အစီရင်ခံစာတွင် -

(က) ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများကြောင့် စိုက်ပျိုးရေးအတွက် တန်ဖိုးရှိသော မြေယာများစွာ ဆုံးရှုံးခဲ့ရကြောင်း၊

(ခ) မြေယာများအား အစမ္ပဝယ်ယူရာတွင် ပိုမိုမြင့်မားသည့် ဈေးနှုန်းပေး၍ ဝယ်ယူသင့်ကြောင်း၊

(ဂ) လယ်သမားများအတွက် ပိုမိုခိုင်မာသည့် မြေယာပိုင်ဆိုင်မှုရှိသင့်ကြောင်း အကြံပြုထားပါသည်။[15]

## အခန်း (၅)

## မြေယာနှင့်စပ်လျဉ်းသောဥပဒေများ၊ နည်းဥပဒေများ

**မြေယာနှင့်စပ်လျဉ်း၍ လက်ရှိကျင့်သုံးနေသော ဥပဒေများ၊ နည်းဥပဒေများ**

၁၅။ မြေယာနှင့်စပ်လျဉ်း၍ အင်္ဂလိပ်ခေတ်က အောက်ပါဥပဒေများ၊ နည်းဥပဒေများ ပြဋ္ဌာန်းခဲ့ပြီး ယနေ့ထိ ကျင့်သုံးနေဆဲဖြစ်ပါသည်-

(က) ၁၈၇၆ ခုနှစ်၊ မြေနှင့်အခွန်ဥပဒေ၊ ၎င်းဥပဒေများကို(အောက်မြန်မာနိုင်ငံ)တွင် မြေနှင့်အခွန်ဥပဒေဟုလည်းခေါ်သည်။ ၎င်းဥပဒေအရ ပြုလုပ်သော နည်းဥပဒေများ၊ [The Land and Revenue Act 1876 & Rules under the Act 1876]

---

[14] The Food Security Working Group (9-2012), available from: http://www.myanmarfswg.org/source/download/land_update_15_10_2013/Legal%20Review_Research%20Review/FSWG_LCG_Legal%20Review%20of%20Farmland%20Law%20and%20Vacant,%20Fallow%20and%20Virgin%20Land%20Management%20Law%20%28Nov%202012%29%20%28MYN%29.pdf/[accessed 8 September 2014]

[15] The WORLD BANK, Reforms in Land Use and Local Finances Will Help Make China's Urbanization More Efficient, 25 March 2014, available from: http://www.worldbank.org/en/news/feature/2014/03/25/reforms-in-land-use-and-local-finances-will-help-make-chinas-urbanization-more-efficient/[accessed 4 September 2014]

(ခ) ၁၈၈၉ ခုနှစ်၊ အထက်မြန်မာနိုင်ငံ မြေနှင့်အခွန်စည်းမျဉ်းဥပဒေနှင့် နည်းဥပဒေများ၊ [The Upper Burma (Myanmar) Land and Revenue Regulation 1889 Rules under the Regulation 1889]

(ဂ) ၁၈၉၈ ခုနှစ်၊ မြန်မာနိုင်ငံ မြို့နှင့်ကျေးရွာမြေများဥပဒေနှင့် ၁၉၀၇ ခုနှစ်၊ အောက်မြန်မာနိုင်ငံ မြို့နှင့်ကျေးရွာမြေများနည်းဥပဒေ၊ [The Lower Burma (Myanmar) Town and Village Land Act & Rules Under the Act 1907]

(ဃ) **၁၈၉၄ ခုနှစ်၊ မြန်မာနိုင်ငံ မြေသိမ်းဥပဒေနှင့် နည်းဥပဒေများ၊ [The Land Acquisition Act, 1894 & Rules under the Act 1894]**

(င) ၁၈၉၀ ခုနှစ်၊ အခွန်တော်ကောက်ခံမှုဥပဒေ၊ [The Revenue Recovery Act 1890][16]

(စ) ၂၀၁၂ ခုနှစ်တွင် အောက်ပါဥပဒေများ ပြဋ္ဌာန်းခဲ့ပါသည်-

(၁) လယ်ယာမြေဥပဒေ၊

(၂) မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေ

(၃) မြေသိမ်း(သတ္တုတွင်းများ)အက်ဥပဒေကိုရုပ်သိမ်းသည့်ဥပဒေတို့ ဖြစ်ပါသည်။[17]

[16] ဦးကျော်(အောင်မြတ်ကျော်)၊ ညွှန်ကြားရေးမှူး(ငြိမ်း)၊ မြန်မာနိုင်ငံဝန်ထမ်း၊ မြန်မာနိုင်ငံ မြေယာအုပ်ချုပ်မှု ယန္တရား၊ အပိုင်း(၁)၊ စာမျက်နှာ-၆
[17] ဦးစန်းလွင်၊ မြန်မာနိုင်ငံဥပဒေပေါင်းချုပ်၊ အထွေထွေအညွှန်း၊ (၂၀၁၃)စာမျက်နှာ ၈၁၊ ၆၅/[accessed 4 September 2014]

**သတိပြုရန်**

ဤသတင်းအချက်အလက်သည် လွှတ်တော်ကိုယ်စားလှယ်များအား ၎င်းတို့၏ လွှတ်တော်ဆိုင်ရာ တာဝန်များကို ဆောင်ရွက်ရာတွင် အထောက်အကူပြုရန်အတွက် ဖြစ်ပါသည်။ ပုဂ္ဂိုလ်ရေးဆိုင်ရာ ကိစ္စ တစ်စုံတစ်ခုအတွက် အသုံးပြုရန်မဟုတ်ပါ။ အချိန်နှင့်တပြေးညီ နောက်ဆုံးရသတင်းဖြစ်မည်ဟု သတ်မှတ် မထားသင့်ပါ။ ဤအချက်အလက်များအား တရားဝင် သို့မဟုတ် ပညာရှင်ဆိုင်ရာအကြံပေးချက်အဖြစ် မသတ်မှတ်သင့်ပါ။ အထူးအကြံပေးချက် သို့မဟုတ် သတင်းအချက်အလက်များလိုအပ်ပါက အရည် အသွေးပြည့်မီသော သင့်လျော်သည့် ကျွမ်းကျင်ပညာရှင်နှင့် ဆွေးနွေးတိုင်ပင်သင့်ပါသည်။ လွှတ်တော် သုတေသနဝန်ဆောင်မှုသည် စာတမ်းတိုများတွင် ပါဝင်သောအကြောင်းအရာများနှင့် စပ်လျဉ်း၍ လွှတ်တော် ကိုယ်စားလှယ်များ၊ လွှတ်တော်ဝန်ထမ်းများနှင့် ဆွေးနွေးမှုများ ပြုလုပ်ပေးနိုင်ပါသည်။ အများပြည်သူနှင့် ဆွေးနွေးမှုများ ပြုလုပ်ခြင်းမရှိပါ။

သုတေသနလုပ်ငန်းဆိုင်ရာ စုံစမ်းမေးမြန်းမှုများပြုလုပ်ရန် (သို့မဟုတ်) သုတေသနဌာနအားလာရောက်လေ့လာရန် အောက်ပါလိပ်စာအတိုင်း ဆက်သွယ်နိုင်ပါသည် -


သုတေသနဌာန -

ပြည်သူ့လွှတ်တော် C ဆောင် - ဒုတိယထပ်
တယ်လီဖုန်း - ၀၆၇-၃၉၁၂၈၄
၀၆၇-၃၉၁၂၈၅

Research Dept; Email - pyithuhluttawresearch@gmail.com